
NOVEL
AUTHOR TEAM
နှင်းသွေးသဒ္ဒါ
New Love Again
အပိုင်း(၁)

# New love again

## (1)

ကျွန်တော့်နာမည် ဂရင်း။ နာမည်အရင်းတော့ မဟုတ်ခဲ့ဘူးပေါ့။ ကျွန်တော့်မိသားစု ကျွန်တော့်ကို ကျွန်တော့်အသက် ၁၀နှစ်အရွယ်မှာ အိတ်တစ်လုံးနဲ့ ထုပ်ပြီး အမှိုက်ပုံထဲ စွန့်ပစ်ထားခဲ့တာ။ ကျွန်တော် သတိလစ်နေတုန်း အမှိုက်ကားကြီးက အမှိုက်တွေကို ပင်လယ်ကမ်းနားက ချောက်ကြီးတစ်ခုထဲ သွန်ချလိုက်တဲ့အချိန် ကျွန်တော်လည်း ပင်လယ်ထဲ မျောပါသွားခဲ့တယ်။

ကျွန်တော့်ဘဝကို နိုင်ငံခြားသား လူကြီးတစ်ယောက်က ကယ်ဆယ်ပေးခဲ့ပြီး ဂရင်းဆိုတဲ့ နာမည်ပေးခဲ့တယ်။ ကျွန်တော်က သူ့အတွက် ခြောက်သွေ့နေတဲ့ မြက်ပင်တွေကို စိမ်းလန်းလာစေတဲ့ ရေစက်ကလေးပါတဲ့။

ကျွန်တော် နိုင်ငံခြားမှာ ပညာသင်ရင်း ကြီးပြင်းလာခဲ့တယ်။ အခုတော့ ကျွန်တော့်ကို နှိပ်စက်ပြီး စွန့်ပစ်ခဲ့တဲ့ မိသားစုကို လက်စားချေဖို့အတွက် အရင်ကနေခဲ့တဲ့ နိုင်ငံကို ကိုယ်ပိုင်လေယာဥ်နဲ့ ပြန်လာခဲ့ပြီလေ။ မကြာခင်တွေ့ကြမယ်နော်။

ဂရင်း ဒိုင်ယာရီ။

ကျွန်တော်ကတော့ ပန်းတိုင်သစ်။ အဟက် တကယ်တော့ ကျွန်တော်က ထောင်ထွက်တစ်ယောက်ပါ။ ကျွန်တော် တက္ကသိုလ်ဝင်တန်း စာမေးပွဲ

အောင်ပြီး တက္ကသိုလ် ပထမနှစ်မှာ ချစ်သူကောင်မလေးတစ်ယောက် ထားခဲ့တယ်။ သူမက ချစ်ဖို့လည်းကောင်း၊ စိတ်ထားလည်း ဖြူစင်တယ်။

ကျွန်တော်က ဆင်းရဲတဲ့ သာမန်လူငယ်လေး။ ပြီးတော့ မိဘမဲ့။ သူမနဲ့ တကယ် မလိုက်ဖက်ပေမဲ့ ကျွန်တော်တို့ အရမ်းချစ်ခဲ့ကြတယ်။ ဒါပေမဲ့ ကံကြမ္မာက ကျွန်တော်တို့ကို သဘောမတွေ့ဘူး ထင်ပါရဲ့။

တစ်ညနေ သူမသင်တန်းတက်ပြီး ပြန်လာတော့ ကျွန်တော် သွားကြိုရတယ်။ လမ်းမှာ အမူးသမား တစ်သိုက်နဲ့ တွေ့ပြီး ရန်ပွဲဖြစ်သွားတာ သူမ လက်လွန်ပြီး လူသတ်မိသွားတယ်။ ကျွန်တော်သူမကို အရမ်းချစ်တော့ သူမ အစား ထောင်အကျခံလိုက်တယ်လေ။

ကျွန်တော်ထောင်ထွက်လာတဲ့ အထိ သူမကျွန်တော့်ကို စောင့်မယ်လို့ ထင်ထားပေမဲ့ သူမက ထောင်ထဲကို တစ်ကြိမ်ပဲ လာတွေ့ပြီး ပျောက်သွားတယ်။ နောက်တော့ ကျွန်တော့်သူငယ်ချင်း တစ်ယောက်က လာတွေ့ရင်း ပြောပြတော့ သူမက ချစ်သူအသစ် ရသွားပြီတဲ့။

ကျွန်တော် တစ်လလောက် မစားနိုင် မသောက်နိုင် ခံစားလိုက်ရတယ်။ ဒါပေမဲ့ သူငယ်ချင်းတွေ ပြောတာမှန်တယ်။ အချိန်က တကယ်ပဲ ကုစား သွားတယ်။ သူမနဲ့ ပြန်တွေ့ရင်တော့ ဘယ်လိုဖြစ်ဦးမလဲ မသိဘူး။ သေချာ သလောက်ကတော့ ကျွန်တော်သူမကို တကယ် မချစ်တော့ပါဘူး။

ပန်းတိုင်သစ် ဒိုင်ယာရီ

"ဟူး ... ... "

ပန်းတိုင်သစ် ကောင်းကင်သို့ မော့ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။ ဒီနေ့က သူထောင်ကနေ ပြန်ထွက်လာတဲ့နေ့ပင်။ သူ့ဘဝကို အစက နေ ပြန်စရမယ့် အချိန်ပင် ဖြစ်တာကြောင့် မနက်စောစော၏ နေရောင်ခြည်

ကို အရသာခံကာ နံနက်ခင်း လေပြည်ကိုလည်း အဝရှူရှိုက် လိုက်သည်။

သူ့မှာ သွားစရာနေရာလည်း မရှိပါ။ အရင်ကလည်း သူအဆောင် ငှားနေခဲ့တာကိုး။ သူ့ကို မွေးစားခဲ့တာက ခရစ်ယာန် ဘုန်းတော်ကြီး တစ်ပါးလေ။ အသက်၁၈နှစ်မှာ ထောင်ကျပြီး ထောင်ထဲတွင် ၅နှစ်လောက် နေခဲ့ရလို့ အခုဆို သူ့အသက်၂၅ပင် ရှိနေပြီ။

သူ့ကိုမွေးစားခဲ့တဲ့ ဘုန်းတော်ကြီးတောင် ရှိသေးရဲ့လား မသိပါ။ ကားခလည်း မရှိတာကြောင့် အဝတ်ထုပ်ငယ်လေး တစ်ထုပ်ကိုဆွဲကာ ဘုန်းတော်ကြီး အိုးစတင်းနေသည့် ဘုရားကျောင်းဆီ လျှောက်လာခဲ့၏။

သူ့မှာက နေရာမရှိဘူးလေ။ ထိုတစ်နေရာတည်းကသာ သူသိတဲ့နေရာ။ တစ်နာရီလောက် လမ်းလျှောက်ပြီးတော့ ဘုရားကျောင်းကြီးဆီ ရောက်လာခဲ့သည်။ ဘုရားကျောင်း အဆောက်အအုံ ထိပ်တွင် လက်ဝါးကပ်တိုင်ကြီးက ထီးထီးမားမား တည်ရှိနေ၏။

ထိုအရာကို ကြည့်ပြီးနောက် သူသက်ပြင်း ထပ်ချမိသည်။ ခြစ်စည်းရိုးသံတိုင်ငယ်ကို လက်ချောင်းများကြား ကျစ်နေအောင် ဆုပ်ထားမိ၏။ ထိုစဥ်။

"သစ်သစ်လား ... "

"ဟင် ... "

အမျိုးသမီး၏ အသံတစ်သံကြောင့် သူလန့်သွားသည်။ သူလှည့်ကြည့်လိုက်သောအခါ ဈေးခြင်းတောင်း တစ်ခုနဲ့ အသက်၄၀အရွယ် အမျိုးသမီး။ သူမက ဤဘုရားကျောင်းတွင် မွေးစားထားတဲ့ ကလေးငယ်များကို ထမင်းချက်ကျွေးရသူ။

"သစ်သစ် ... "

သူမက တအံ့တသြကြီးဖြင့် သူ့အား ခေါင်းအစခြေအဆုံး ကြည့်နေသည်။ သူသည်လည်း နှစ်များစွာ မတွေ့ရသော အန်တီမာကို စူးစိုက်ကြည့်နေမိတာ အမှန်ပင်။ သူထောင်ထဲ ဝင်တုန်းက အန်တီမာက အသည်းအသန်ငိုကြွေးခဲ့တာလေ။

"အန်တီမာ ... "

"သစ်သစ်လေး ... "

အန်တီမာသည် ဈေးခြင်းတောင်းကိုချကာ သူ့ကို ပြေးလာဖက်၏။

"သားရယ် ... ထောင်က ထွက်လာပြီပေါ့ ဟုတ်လား ... သားရယ် အန်တီမာတို့ သားကို လွမ်းနေတာ ဆရာအိုးဆို သားအကြောင်း ခဏခဏပြောတယ်သိလား ... ကြည့်ပါဦး ငါ့သားလေး ပိန်သွားလိုက်တာ"

အန်တီမာက မျက်ရည်တွေနဲ့ ပြုံးလည်းပြုံး စကားတွေလည်း တရစပ်ပြောနေသည်။ အန်တီမာ၏ အသံကြောင့် ထင်ပါရဲ့၊ ဆရာအိုးစတင်းကလည်း ထွက်လာသည်။ သူက ခြံတံခါးကို ဖွင့်ပြီး ပန်းတိုင်သစ်ကို ပြေးလာဖက်၏။

အန်တီမာနဲ့ ဆရာတို့၏ မေတ္တာတွေကြောင့် ဘုရားကျောင်းဘေးက အိမ်ကလေးမှာ ပြန်နေရဖို့အတွက် ဖြစ်လာခဲ့သည်။ သူပြန်ရောက်လာတဲ့ နေ့မှာ ဆရာတို့က ကျေးဇူးတော် ချီးမွမ်းပွဲလေး လုပ်ပေးသည်။ ကလေးတွေလည်း အိပ်၊ အန်တီမာတို့လည်း အိပ်နေချိန်တွင် ပန်းတိုင်သစ် လမ်းလျှောက် ခဏထွက်လာ၏။

ထိုစဥ်

"သစ် ... "

မီးရောင်အောက်က ခုံတန်းပေါ်တွင် ဆရာက ထိုင်နေသည်။

"ဆရာ ... "

"လာ... ဒီနားလာထိုင်"

"ဟုတ်ကဲ့"

ပန်းတိုင်သစ် ဆရာအိုး၏ဘေး သွားထိုင်လိုက်သည်။ ဆရာကတော့ သူ့ပုံစံကို ကြည့်ကာ တော်တော်လေး သဘောကျနေပုံပင်။ ထွက်သွားတုန်းကလို မဟုတ်တော့ဘဲ သူသည် အရပ်ရှည်လာသည်မက ဆံပင်တွေကလည်း ရှုပ်ပွလို့ ကျောအထိ ဖျာကျနေသည်ကိုး။

ပန်းတိုင်သစ် ဒူးနှစ်ဖက်ပေါ်ကို တံတောင်ဖြင့် ထောက်လျက် လက်နှစ်ဖက်ကို ဆုပ်ထား လိုက်သည်။

"ကျွန်တော့်ကို ပြန်လက်ခံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ"

"သစ် ... မင်းဘာဆက်လုပ်ဖို့ စဥ်းစားထားလဲ..."

သူ ခေါင်းခါလိုက်သည်။

"ကျွန်တော့်လိုလူကို ဘယ်ကလက်ခံမှာတဲ့လဲ... ထောင်ထွက်တစ်ယောက်ဆိုပြီး ဘယ်သူကမှ အလုပ်ခန့်မှာ မဟုတ်ဘူး... ပြီးတော့ ကျောင်းပြီးအောင်မတက်လိုက်ရတဲ့ ကျွန်တော်က ပညာမတတ်တဲ့ သူနဲ့ ဘာမှမခြားတော့ဘူး..."

ပန်းတိုင်သစ်က ငယ်ငယ်ကတည်းက တစ်ဇွတ်ထိုး ဆန်သည်။ ခေါင်းမာသည်။ စိတ်ကြီးသည်။ ဆရာက ဆို၏။

"သား ... သားရဲ့စိတ်ထဲကို စာတန်ကို အဝင်မခံတော့နဲ့ "

"ဗျာ ... "

"သားထောင်ကျအောင် ... သားတစ်ဇွတ်ထိုး လုပ်တတ်အောင် အခြားသူတွေအပေါ် အဆိုးမြင်တတ်အောင် သားရဲ့ အတွင်းစိတ်ထဲမှာ စာတန်

နတ်ဆိုးက ကိန်းအောင်းပြီး အလုပ်လုပ်နေတာ ... ထားပါ သားအလုပ်လိုချင်ရင် ဆရာ့မှာ အသိတစ်ယောက် ရှိတယ်"

"ကျွန်တော် ... "

"သူက ဒီကိုခဏခဏ လာတယ်လေ... လူငယ်လေးပဲ နိုင်ငံခြားက ပြန်ရောက်တာ သိပ်မကြာသေးဘူး ... သူ့ကူညီလို့ ဆရာတို့ ဘုရားကျောင်း ခြံဝင်းက ထပ်ချဲ့နိုင်တာလေ"

ပန်းတိုင်သစ် ခြံဝင်းထဲ စဝင်ခါစတုန်းက ပထမဆုံး သတိထားမိတာကလည်း အတော်လေး ကျယ်ဝန်းသွားသော ခြံဝင်းကိုပင်။

"ကျွန်တော် ... "

"ကျွန်တော် လုပ်မနေပါနဲ့... မနက်ဖြန် Sunday... သူလာလိမ့်မယ် ဆရာမိတ်ဆက်ပေးမယ်... သားအရင်လို ခေါင်းမမာတော့နဲ့နော်"

"ဟုတ်ကဲ့ပါ ဆရာ"

သို့နှင့် ခဏစကားပြောပြီးနောက် သူတို့နှစ်ယောက် မိမိတို့၏အခန်းဆီသို့ ပြန်လာခဲ့ကြသည်။ ထိုညတွင် ပန်းတိုင်သစ်တစ်ယောက် ဟိုတွေးသည်တွေးဖြင့် ညဥ့်နက်သန်းခေါင်ကျော်မှသာ အိပ်ပျော် သွားခဲ့သည်။

နံနက်ရောက်သော်

Sunday school ကလေးငယ်လေးများ၏ သီချင်းဆိုသံကြောင့် သူနိုးလာသည်။

"ဒီနေ့ Sunday ပဲ ... "

ဥပုဒ်နေ့ကို သူမေ့နေပြန်ပြီ။ ညကလေးတင် ဆရာပြောထားတာကို။ ပျာပျာသလဲ ထလိုက်တော့ ရှုပ်ပွနေတဲ့ ခေါင်းက ဆံပင်တွေကြောင့် ပတ်ဝန်းကျင်ကို ရှင်းရှင်းလင်းလင်း မမြင်ရ။ ဆံပင်တွေ အားလုံးကို

အနောက်ကို လှန်ချလိုက်ပြီး ပျာပျာ ပျာပျာနဲ့ အိပ်ရာသိမ်းရသည်။

ထိုစဥ် အန်တီမာ၏ အော်နှိုးသံကြီး ရောက်လာပါတော့သည်။

"သစ်သစ်ရေ ... "

"နိုးပြီ အန်တီမာ ... "

"ကလေးတွေ ဒီလောက် အသံကျယ်နေတာတောင် နင်မနိုးသေးဘူး ထင်လို့"

အိပ်ရာများ သိမ်းဆည်းပြီး ရေကန်မှာ သွားတိုက် မျက်နှာသစ်လိုက်သည်။ ဆံပင်ကလည်း ထုံးစံအတိုင်း ဖုတ်သိုက်ပင်။ ပြီးနောက် အန်တီမာနဲ့အတူ အကျွေးအမွေး အတွက် အိုးခွက်ပန်းကန်များ ဆေးကြောခြင်းကို ဝင်ကူပေးနေလိုက်သည်။

အန်တီမာနဲ့အတူ မိန်းကလေးတစ်ယောက်လည်း ရှိနေ၏။ သူကတော့ ပန်းတိုင်သစ်နဲ့အတူ ဘုရားကျောင်းကို အတူတူရောက်လာတဲ့ ဆူးနှင်းဖြူပင်။

"ငသစ် ... "

"ဟမ် ... "

သူမက ကြက်သွန်နီ ခွာရင်းမှ ပန်းကန်ဆေးနေတဲ့ ပန်းတိုင်သစ်ကို စကားလှမ်းပြောသည်။

"နင် နင့်ရည်းစားဟောင်းကို သွားမတွေ့တော့ဘူးလား... သူက ကလေးတောင် ရနေပြီဟ သမီးလေးလေ"

"ငါကြားပြီးသား"

အသံက မာစပ်စပ်။

"ငသစ် ... ဒီနေ့ သူငွေးလာမှာဟ ဆရာက နင့်အတွက် အလုပ်ပြောပေး

မယ်လို့ ကြားတယ်"

"အင်း ... ငါ့ကိုဆရာညက ပြောတယ်"

"သူက အရမ်းချောတယ် သိလား... ဟီး ... "

"အေး ... နင်အဲဒီမှာ ဘူးနေလိုက်..."

"ဟဲ့ ဘာဘူးတာလဲ"

"နှာဘူးတာ ... နှာဘူးတာ"

"နင်နော် ... "

ဆူးနှင်းဖြူက ဓားနဲ့ရွယ်တော့ ပန်းတိုင်သစ်ကလည်း ပန်းကန်ပြားနဲ့ ပြန်ရွယ်လိုက်သည်။ ထိုစဥ် အခန်းထဲဝင်လာသော အန်တီမာမှာ လန့်ဖျပ်ကာ

"ဟဲ့ ဟဲ့ ... ဘယ်လိုဖြစ်ကြတာတုန်း စပြီ... နင်တို့နှစ်ယောက်ကတော့ စလာပြီ... အဲဒီဓားပျံတွေ ပန်းကန်ပြားပျံတွေကိုချထား အလုပ်ဆက်လုပ်ကြ"

"ဟင့် ... "

"ဟင် ... "

တစ်ယောက်နဲ့တစ်ယောက် ပြောင်ပြကြပြီးမှ မိမိတို့၏ လုပ်လက်စများကို ဆက်လုပ် ကြတော့သည်။ တစ်ယောက်နဲ့တစ်ယောက်က စိတ်ဆိုးခြင်းကြောင့် မဟုတ်ဘဲ နောက်ပြောင် ကျီစယ်ကြခြင်းသာ ဖြစ်ပေ၏။

ဘုရားကျောင်းမှာ ဘုရားရှိခိုးခြင်း စတင်တော့ သူတို့နှစ်ယောက် အတူတူသွား၍ နောက်ဆုံး ခုံတန်းတွင်ထိုင်ကာ သီချင်းလိုက်ဆိုကြသည်။ ထိုင်ပြီးသိပ်မကြာ ဆူးက သူ့လက်မောင်းကို လာတိုက်၏။

"ဘာလဲ ... "

"ဟိုမှာ ကြည့်လိုက် "

သစ်လည်း ဆူးပြောတဲ့အတိုင်း လိုက်ချောင်းသည်။ ဆူးက ဘာကြည့်ခိုင်းသလဲ မသိပေမဲ့ သူကြည့်နေမိ၏။

"တွေ့လား..."

"လူတွေလေ..."

"ဟာ ... ဟိုရှေ့ဆုံးခုံက ဆံပင်ခဲရောင်နဲ့ တစ်ယောက်တွေ့လား"

"သြော် အေး ... "

အနောက်တိုင်းဝတ်စုံကို စတိုင်ကျကျ ဝတ်ဆင်ထားပြီး ဆရာတရားဟောနေတာကို သေသေချာချာ နားထောင်နေသည့် ထိုသူကို အနောက်ကနေ ကြည့်တာတောင် ဆွဲဆောင်မှု ရှိကြောင်း ထင်ရှားလှသည်။ ဆူးနှင်းဖြူ ဘူးတာလည်း မပြောနှင့်လေ။

တောင့်တင်းတဲ့ body structure က အနောက်ကနေ ကြည့်တာတောင် မြင်သာသည်။ သူ့ဘေးခုံတွင် သူ့ကဲ့သို့ အနောက်တိုင်းဝတ်စုံနှင့် လူနှစ်ယောက် ထိုင်လျက်ရှိ၏။

"ဘေးက လူတွေကကော..."

"သူ့ရဲ့ဘော်ဒီကတ်..."

"သြော် ... "

"သူ့နာမည်က ဂရင်းတဲ့... အစိမ်းရောင်လေဟာ သူကလည်း အစိမ်းရောင်ကို တော်တော် ကြိုက်တယ်တဲ့"

"နင်ကလည်း တော်တော် သိတယ်နော်"

"ဟဲဟဲ ... နင်ကလည်းဟာ ငါကသူ့ကို ကြိတ်crush နေတာလေ ... စုံစမ်းထားတာပေါ့ မပြောပါနဲ့ နင်လည်း သူ့ကိုမြင်ရင် ကြွေသွားမှာ... "

"တော်ပါ ... ငါကယောကျာ်းကြီးကို ဘာလို့ကြွေရမှာလဲ"

"အေးပါ အေးပါ ... "

ဆရာ တရားဟောလို့ ပြီးခါနီးတွင် သူတို့နှစ်ယောက် တိတ်တိတ်ကလေး ပြန်ထွက်၍ စားစရာကို အပြင်က ခြံဝင်းထဲရှိ စားပွဲဝိုင်းများတွင် ပြင်ဆင်ရသည်။ ခဏကြာတော့ အပိတ် ဆုတောင်းသံ ပြီးတဲ့နောက်တွင် ဧည့်သည်များက ခြံဝင်းထဲမှာ ပြင်ဆင်ထားတဲ့ အစားအသောက်တွေဆီ ရောက်လာကြ၏။

ပန်းတိုင်သစ်လည်း ဧည့်ခံကျွေးမွေးရင်း အလုပ်ရှုပ်နေသည်။

"သစ်သစ် ... "

"ဗျာ ... အန်တီမာ"

"ဆရာတို့ကို လိမ္မော်ရည် သွားချပေးလိုက်ပါဦး "

"ဟုတ်ကဲ့ အန်တီ ... "

ဆူးနှင်းဖြူ အသင့်ချထားသော လိမ္မော်ရည်လေးခွက်ကို ဗန်းထဲ ထည့်၍ ဘုရားကျောင်းဘေးက အခန်းလေးဆီ သူလျှောက်သွား လိုက်သည်။ အခန်းလေးထဲ ရောက်သော် ဆရာသာမက ဂရင်းဟူသော လူပါရှိနေလေ၏။

ဂရင်းက ဆူးပြောသလို ချောလည်းချော ဆွဲဆောင်မှုလည်း ရှိလို့ မိန်းကလေးတိုင်း ကြွေနိုင်တဲ့ type မျိုးပါ။ သူ့ဘေးတွင်တော့ သက်တော်စောင့် နှစ်ယောက်က လက်နှစ်ဖက် နောက်ပစ်ကာ ရပ်နေကြသည်။

ပန်းတိုင်သစ် အေးအေးဆေးဆေးပဲ ဝင်သွားလိုက်ပြီး သူတို့အတွက် လိမ္မော်ရည် ချပေးစဉ်။

"မင်းက ပန်းတိုင်သစ်ဖြစ်မယ်..."

မထင်ထားဘဲ ဂရင်းက စကားစပြောလာ၏။ သူဌေးတစ်ယောက်မို့ မာန တစ်ခွန် လွင့်ထူထားလိမ့်မယ်လို့ ထင်ထားသော်လည်း သူ့အသံက

တည်ငြိမ်လှသည်။ ဩရှရှ အသံကတောင် ဆွဲဆောင်မှုရှိနေတာ အမှန်ပင်။

"ဟုတ်ပါတယ်... "

"တွေ့ရတာ ဝမ်းသာပါတယ် "

ဂရင်းက လက်ဆွဲနှုတ်ဆက်ရန် အတွက် လက်ဆန့်ပေးလာသော ပန်းတိုင်သစ် တကယ်ပဲ အားနာ သွားရသည်။ သူ့လက်တွေက ညှော်ခံ ကျွေးမွေးတဲ့ နေရာမှာ သုံးထားတော့ ညစ်ပေနေသည်လေ။

"အာ ... ကျေးဇူးတင်ပါတယ် ဒါပေမဲ့ ကျွန်တော့် လက်တွေက ညစ်ပတ် နေတော့"

"ကိစ္စမရှိပါဘူး "

"ဟုတ်ကဲ့ ... "

ပန်းတိုင်သစ်လည်း တစ်ဖက်ကလူသည် လက်ကို မဆုတ်သေးဘဲ ဆန့် ထားဆဲ ဖြစ်တာကြောင့် သူ့လက်ကို ကမ်းပေးကာ လက်ဆွဲနှုတ်ဆက် လိုက် သည်။ ဂရင်း၏ အရယ်အပြုံး မရှိတဲ့ တည်ငြိမ်နေတဲ့ မျက်နှာနဲ့တောင် သူ ချောမောမှုကို သိသာပေါ်လွင်နေသည်။

ထိုစဥ် ဆရာက

"သစ် ... ဂရင်းက မင်းကို အလုပ်လက်ခံလိုက်ပြီ..."

"ဗျာ... တကယ်လား"

"အင်း ... "

ပန်းတိုင်သစ် သူ့အတွက် အလုပ်ရသွားတာကြောင့် ခါးကို ကိုင်းညွတ် လျက် အရိုအသေ ပြုလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

"မင်းကိုယ့်ကို ဆရာလို့ခေါ်စရာ မလိုပါဘူး... "

"ဒါဆို ကျွန်တော်ဘယ်လိုခေါ်ရမလဲ"

"ရင်း ... "

"ဟုတ်ကဲ့ အစ်ကိုရင်း..."

"မင်းအဝတ်အစားတွေ သွားထုတ်လိုက်တော့ ငါနဲ့အတူ တစ်ခါတည်း လိုက်ခဲ့ရမယ်"

"ဗျာ ... ဒါက..."

ဆရာကလည်း ထပ်မံ ခေါင်းညိတ်ပြလာတာကြောင့် သူမြန်မြန်ပဲ အခန်းဆီပြေးကာ မရှိတဲ့ အဝတ်အစား တစ်ထည်နှစ်ထည်ကို ထုပ်လျက် ခြံရှေ့က အနက်ရောင်ကားကြီးဆီ ပြေးလာခဲ့၏။ မထင်ထားဘဲ သက်တော်စောင့်က သူ့ကိုကားတံခါး ဖွင့်ပေးလာသည်။

***